(၁ယော ၃း၂)။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နှင့်အတူ ဆုံတွေ့နေသောအခါ ယခုအသက်တာကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သော ခံစားချက်အတွေ့အကြုံများ လိုနေဦးမည်မဟုတ်ပါ။ ထိုအချိန်အခါမှသာလျှင် ဤအရာများ ကွယ်ပျောက်သွားမည်မှာ မှန်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း ရပ်ဆိုင်းသွားစေလျှင် ယုံကြည်သူတဦးတယောက်မျှ ကျေနပ်လိမ့်မည်မဟုတ်။ သို့သော် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို မှန်ကန်သောအသင်းတော်အား ပြန်ပေးသောအခါ ၎င်းအသင်းတော်သည်လည်း ယခင်အခြေအနေကဲ့သို့ ပြန်လည်နေရဦးမည်ဖြစ်သည်။

စိတ်ဝင်စားဘွယ်အချက်များမှာ ဘုရားသခင်၏စံချိန်သည် လူသားတို့၏စံချိန်နှင့် ခြားနားသည်။ ဘုရားရှင်အတွက် သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံသည် သာမန်ခံစားချက်အတွေ့အကြုံသာဖြစ်သည်။ ထိုအရာသည် ဘုရားဝိညာဉ်တော်၌ လုံးဝနှစ်မြှုပ်သွားခြင်းကို ဆိုလိုသည်။ ယေရှုခရစ် ဗတ္တိဇံယောဟန်နှင့် အခြားသောပရောဖက်တို့က ၎င်းဝိညာဉ်တော် ခံစားခြင်းအတွေ့အကြုံမျိုး ဟောပြောနှင့်ပြီးဖြစ်သည်။ တမန်တော်ဝတ္ထုတစ်လျှောက်လုံးတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းကို အခြားသောဘာသာစကားပြောခြင်းဖြင့် ထင်ရှားစေသည်။ ဤအချက်ကို သိချင်းဆိုဝတ်ပြုခြင်းထက်များစွာ ပြောထားကြောင်း တွေ့ရသည်။ အခြားသောဘာသာစကားသည် ဝိညာဉ်တော်ဆိုင်ရာဆုကျေးဇူးတစ်ခုဖြစ်သည်။ ရှေးဟောင်းအသင်းတော်တို့သည် အခြားသောဘာသာစကားဖြင့် ဝမ်းမြောက်ကြသည်။ အခြားသောဘာသာစကားပါ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် ခရစ်ယာန်တို့၏ သီးခြားသောအမှတ်အသားပင် ဖြစ်ပါသည်။

ထို့ကြောင့် ဤသန့်ရှင်းသောဝိညာဉ်တော်ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံသည် 'မိတ်ဆွေ' အတွက်ဖြစ်ပါသည်။ အသင်းတော်သည် ပင်တေကုတ္တေခံယူချက်ရှိသောအခါ ပင်တေကုတ္တေတန်ခိုးသည် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ဆုကျေးဇူးတော်များသည် သင်တို့နှင့်၎င်း သင်တို့၏သားသမီးတို့နှင့်၎င်း ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်ဆိုင်၏။ ဝိညာဉ်တော်မရှိသော အသင်းတော်သည် မည်သူကိုမျှ ဝိညာဉ်တော်နှင့် မွေးဖွားအောင်မပို့ဆောင်နိုင်။ အသက်မရှိသော ဝတ်ပြုကိုးကွယ်ခြင်း အစည်းအဝေးသည် အသက်မရှိသော ကာဗွန်ခံကူးယူခြင်းနှင့်တူသည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် အသင်းတော်နှင့်အသင်းဝင်သူများအား ပြောင်းလဲစေ၍ ဤသို့သောခံစားချက်မျိုးသည် လွန်ခဲ့သော ၁၉၀၀ ခုနှစ်တုန်းက ခံစားချက်မျိုးနှင့်တူညီရမည်။ သင်တို့သည် အပြစ်များကိုလွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏နာမတော်၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရလိမ့်မည် (တ ၂း၃၈)။ ဘုရားသခင်သည် ယုံကြည်သောသူတိုင်း ရရှိခံစားရန် ဘိသိက်ပေးခဲ့သော ကျမ်းစာအတိုင်း ကယ်တင်ခြင်းမျိုးကို မိမိသဘောအလျောက် လျစ်လျူမရှုသင့်ပါ။

Apostolische Pfingstgemeinde, Friedelsheimerstr. 18-20
D - 68199 Mannheim (Neckarau) /Germany
http://www.v-p-m.de
Pastor Raymond Wey
Assistent Pastor Sascha Wey
www.jesus-is-god.de

# သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း

# THE HOLY SPIRIT BAPTISM

## ခုခံပြိုင်ဆိုင်မှုဖြစ်ခြင်း (A CAUSE OF CONTENTION)။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် ဖြစ်ပေါ်လာသည့်နေ့မှစ၍ အငြင်းပွားနိုင်စရာရှိသောအရာဖြစ်ခဲ့သည်။ သို့သော် ခရစ်တော်က(တ ၁း၅)တွင် 'ယောဟန်သည် ရေ၌ဗတ္တိဇံကိုပေး၏။ သင်တို့သည် မကြာမီ သန့်ရှင်းသောဝိညာဉ်၌ ဗတ္တိဇံကိုခံရလိမ့်မည်' ဟုဟောပြောခဲ့သည်။ ခရစ်တော်၏ဂတိတော်အတိုင်း သူတို့သည် 'ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံရလိမ့်မည်' ဟုဟောပြောခဲ့သည်။ ခရစ်တော်၏ဂတိတော်အတိုင်း သူတို့သည် ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံယူကြပါသည်။ (တ ၂း၄)တွင် 'လူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝ၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏' ဟုရေးထားသည်။ ငြင်းခုံခြင်းအခြေအတင် ပြောဆိုခြင်းသည် အစဉ်အမြဲထွက်လာလေ့ရှိသည်။ ခုခံပြိုင်ဆိုင်မှုများလည်း များပြားထူထပ်၍ ကြောက်မက်စဖွယ် ဒီရေအလားတောင်လိုမြင့်မားလာ၏။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံယူနေသောကြောင့် အခြားသောသူတို့သည် သူတို့အပေါ်အကြီးအကျယ် အထင်လွဲမှားကာ အချို့သောသူတို့ကို ချိုသောစပျစ်ရည်နှင့်ပြည့်ဝပြီး မူးယစ်နေသည်ဟုကဲ့ရဲ့ကြ၏။ အချို့သောသူတို့ကို အရူးဖြစ်သည်ဟုစွပ်စွဲ၏။ သို့သော် ငြိမ်သက် အောင်မပြုလုပ်နိုင်ပါ။ ကြီးမားသော တပ်မကြီးကဲ့သို့ စာတန်၏ရဲတိုက်ကြီးကို တိုက်လှန်ဖြိုဖျက်ကြ၏ 'သခင်ဘုရား၌ ယုံကြည်သော ယောကျ်ား၊ မိန်းမတို့သည် အသင်းဝင်ကြ၏ (တ ၅း၁၄)။

ထိုသူတို့သည် ရှေးအကျဆုံး ပဌမအသင်းတော်ကြီး ဖြစ်ပါသည်။ သို့သော် ယခုခေတ်တွင် အချို့သောအသင်းတော်တို့သည် (၂၀)ရာစုအခြေအနေနှင့် အံဝင်ဂွင်ကျဖြစ်အောင် ကျင့်သုံးနေရမည်။ ယေရှုခရစ်တော်ခေတ်မဟုတ်ဟူ၍ ပြောဆိုကြသည်။ သူတို့သည် အငြင်းပွားနိုင်စရာရှိသော လှုပ်ရှားမှုများကို မလိုလားကြပါ။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် သူတို့၏ငြင်းခုံခြင်းအတွက်သာ ဖြစ်လွန်းလှသည်။ ယခုခေတ်တွင် အားရပါးရဆုတောင်းသောသူ တစ်ဦးတစ်ယောက် (သို့) အခြားသောဘာသာစကားအားဖြင့် ဆုတောင်းသောသူအား စိတ္တဇဖြစ်သည်ဟုထင်မှတ်ကြလေသည်။ သို့သော် သူတို့က ပြောရမည့်အရာတို့ကိုဂရုမစိုက်၊ နားမထောင်ဘဲနေလျှင် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် ဓမ္မကျမ်းစာအရ ခံစားသင့်၊ ခံစားထိုက်သော အတွေ့အကြုံတစ်ခုဖြစ်ကြောင်း သိရပါသည်။

## သာမန်ခရစ်ယာန်တစ်ဦးတစ်ယောက် ခံစားခဲ့သော အတွေ့အကြုံသာဖြစ်ပါသည်။ (A NORMAL CHRISTIAN EXPERIENCE)။

ပင်တေကုတ္တေနေ့တွင် အံ့ဩခြင်း၊ မေးမြန်းခြင်း၊ အပြစ်တင်ခြင်းများစွာရှိခဲ့သည်။ တမန်တော်ပေတရုသည် ထင်ရှားကွယ်သောအနေဖြင့် ပြောကြားသည်မှာ ဤသူတို့သည် ယစ်မူးနေကြသည်မဟုတ်။ ဤအရာကား ပရောဖက်ယောလဟောဘူးသောအရာဖြစ်သတည်း။ နောင်ကာလ၌

လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ငါသွန်းလောင်းမည်ဟု ယောလပေါကြားခဲ့ဘူးပါသည်။ ရှင်ပေတရုသည် အခြားသောဘာသာစကားအားဖြင့် ပြောခြင်းကို ပရောဖက်ပြုချက်နှင့်အညီ ဖြစ်ပေါ်လာသည်ဟု ခံယူထားသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောနှစ်ပေါင်းရှစ်ရာတိုးက ပရောဖက်ယောလ ဟောပြောပြီးသား ဖြစ်လေသည်။ ယေရှုခရစ်တော်ကလည်း ပြောနှင့်ထားပြီ ဖြစ်သည်။ ပရောဖက်ဟေရှာယကလည်း ပရောဖက်ပြုထားပြီးသား ဖြစ်လေသည်။

ရှေးဟောင်းအသင်းတော်ကို ကြည့်သောအခါ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူကာ အခြားသောဘာသာစကားဖြင့် ပြောခြင်းသည် သာမန်ခရစ်ယာန်တစ်ယောက်၏ အတွေ့အကြုံသာဖြစ်ကြောင်း တွေ့ရသည်။ ဤသို့သော် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံစားခြင်းအတွေ့အကြုံသည် ပင်တေကုတ္တေနေ့မှစ၍ ခရစ်တော်ဒုတိယအကြိမ် ပြန်လည်ကြွလာမည့် အချိန်ကာလအထိ ယုံကြည်သောခရစ်ယာန်တို့က ကျင့်သုံးသွားမည်ဖြစ်ပါသည်။ ရှင်ပေတရုက 'ဂတိတော်သည် သင်တို့နှင့်၎င်း သင်တို့၏သားသမီးတို့နှင့်၎င်း ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူသောသူတို့နှင့်၎င်းဆိုင်သည်'ဟု ဟောခဲ့လေသည် (တ ၂း၃၉)။

## ဆို့လို့ရင်းအဓိပ္ပါယ် (WHAT MEANETH THIS)။

သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် ဘာကိုဆိုလိုသနည်း။ ဗတ္တိဇံဟူသောစကားလုံးသည် ဝိညာဉ်တော်၌ လုံးဝနစ်မြုပ်သွားခြင်းကို ဆိုလိုသည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရမည့်အရာသည် ဘုရားသခင်၏ဝိညာဉ်တော်၌ လုံးဝနစ်မြုပ်သွားရမည်ဟုဆိုလိုသည်။ ဤသည် ဇာတိပကတိသဘောများကို အကုန်အစင်ပြောင်းလဲစေသော အတွေ့အကြုံလောက်လေးနက်မှုမရှိဟူ၍ အဓိပ္ပါယ်မပေါက်နိုင်ပေ။ ဘုရားရှင်၌ လုံးဝနစ်မြုပ်သွားခြင်းသည် လျှပ်စစ်ဓါတ်အားသွင်းသကဲ့သို့ အလင်းနှင့်ပြည့်စေခြင်း၊ လှုပ်ရှားစေတတ်သော ဝိညာဉ်တော်ခွန်အားနှင့်ပြည့်စေခြင်းများအားဖြင့် လိုအပ်သလိုမကောင်းသော ဇာတိသဘောများကို ထုတ်ပယ်ပေးကာ ဝိညာဉ်သဘောများက နေရာယူခြင်းပင်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော် ရရှိခံစားပြီးပြီဟူ၍ မိမိကိုယ်ကိုမိမိ ပြောပြကြသောသူတို့သည် ဓမ္မသစ်ကျမ်းစာ၏ သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သော အဓိပ္ပါယ်နှင့်အညီ ခံယူခြင်းမရှိသေးပါ။ ယေရှုခရစ်သည် (ယော ၁၄)တွင် တမန်တော်တို့အား သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းမှုနှင့်ပတ်သက်၍ ဟောပြောခဲ့ပြီးဖြစ်ပါသည်။ ယေရှုသည် သင်တို့သည် သူ့ကိုသိကြ၏။ အဘယ်ကြောင့်ဆိုသော် 'သင်တို့အလယ်၌ တည်ရှိနေသောကြောင့်ဖြစ်သည်'ဟုဆို၏။ ထို့ကြောင့် တမန်တော်တို့သည် ခရစ်တော်နှင့်အတူ နေရခဲ့သောကြောင့် ခရစ်ယာန်တို့ ခံစားရမည့်အတွေ့အကြုံ အစိတ်အပိုင်းကို ခံစားပြီးဖြစ်နိုင်ပါသည်။ သို့သော် ခရစ်တော်သည် ပို၍ကြီးမားသောဗတ္တိဇံကို ခံစားရမည်ဟု ဂတိတော်ပေးထားခဲ့လေသည်။ ယေရှုက 'သူသည် သင်တို့အလယ်၌တည်၏။ သို့သော် မကြာမီ သင်တို့ထဲ၌တည်လိမ့်မည်'ဟုဆိုလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းဆိုသည်မှာ ဘာကိုဆိုလိုသနည်းဟူ၍ အဓိပ္ပါယ်သေချာစွာနားလည်သဘောပေါက်ရန် အလွန်အရေးကြီးလှပေသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်

သခင်၏အညှင်းဆုံးသောအရာသည် လူတို့၏ အကောင်းဆုံးသောအရာထက်သာ၏။ အခြားသောဘာသာစကားသည် ကျွန်ုပ်တို့ ဝမ်းသာစရာအချက်တစ်ခုပင်ဖြစ်လေသည်။

## အခြားသောဘာသာစကားပြောခြင်းအတွက် ကိုးကားသောကျမ်းပိုဒ်များ။
## (The New Testament Has Many Refercnces To Speaking In Tongues)။

အခြားသောဘာသာစကားပြောခြင်းအတွက် ဓမ္မသစ်ကျမ်း၌ ကိုးကားသောကျမ်းပိုဒ်များစွာရှိသော်လည်း များစွာသောဂိုဏ်ဂဏတို့သည် နောက်ဆုတ်နေကြ၏။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝရမည်။ သို့သော် အခြားသောဘာသာစကားဖြင့် မပြောရဟုဆိုကြလေသည်။ မည်သို့ဖြစ်စေကာမူ၊ ဓမ္မသစ်ကျမ်းစာထဲ၌ လိုက်လံရှာဖွေလိုလျှင် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် အခြားသောဘာသာစကားပြောခြင်းနှင့် ဒွန်တွဲလျက်ဖြစ်ကြောင်း (တ ၈း၁၈၊ ၁၀း၄၆)တို့၌ တွေ့ရပါမည်။ ကျွန်ုပ်တို့သည် (တ ၁၉) ဖေက်မြို့ အသင်းတော်တည်ထောင်ရာတွင် အခြားသောဘာသာစကားပါဝင်ကြောင်း တွေ့မြင်ရပြန်သည်။ (အခန်းငယ် ၆)ဆိုခဲ့သည်မှာ 'ပေါလုသည်လည်း သူတို့အပေါ်၌ လက်ကိုတင်လျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားကိုပြော၍ ပရောဖက်ပြုကြ၏'။ ကျွန်ုပ်တို့သည် တမန်တော်ဝတ္ထု၌ သီချင်းဆိုခြင်းထက် အခြားသောဘာသာစကားပြောခြင်းအတွက် အထောက်အထားများစွာ တွေ့ရပေသည်။ ရှင်ပေါလု၏ ဩဝါဒစာစောင်များတွင်လည်း သီချင်းဆိုခြင်းထက် အခြားသောဘာသာစကားပြောခြင်းများစွာ ဖော်ပြပြောဆိုခဲ့ကြောင်း တွေ့ရပြန်ပါသည်။ စဉ်းစားစမ်းပါမိတ်ဆွေ၊ သီချင်းဆိုဝတ်ပြုခြင်းထက် အခြားသောဘာသာစကားအားဖြင့် ဝတ်ပြုခြင်းအတွက် ပို၍အထောက်အထားများစွာ တွေ့ရပါသည်။ အကယ်၍ အသင်းတော်တိုင်းသည် သီချင်းဆိုဝတ်ပြုခြင်းမှန်ကန်သည်ဟုလက်ခံလျှင် အခြားသောဘာသာစကားဖြင့် ပြောဆိုဝတ်ပြုခြင်းကို လက်ခံသင့်ပေသည်။

## အခြားသောဘာသာစကားပြောခြင်းသည် ယနေ့အထိအသုံးပြုသည်။
## (Tongues still exist today)။

အခြားသောဘာသာစကားသည် ယနေ့အထိ သက်ဝင်လျက်ရှိပါသေးသည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းကို ငြင်းပယ်သောကျမ်းပိုဒ်တစ်ချက်မျှ မတွေ့ရပါ။ ပင်တေကုတ္တေနေ့မှစ၍ သန့်ရှင်းသောဝိညာဉ်တော်ပါ အခြားသောဘာသာစကား ချုပ်ငြိမ်းသွားပြီဟူ၍ မပြောပါ။ အမှန်တစ်ကယ် (၁ကော ၁၃း၈)၏ ရှင်းပြလိုသည်မှာ စုံလင်ခြင်းသို့ ရောက်သောအခါမှသာ ဤအရာတို့သည် ကွယ်ပျောက်လိမ့်မည်။ ထိုအခါ ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သောအခွင့်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း၊ ကွယ်ပျောက်လိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်နှင့် မျက်နှာချင်းဆိုင်၍ တွေ့ဆုံကြပါမည်။ ရှင်ယောဟန်က 'ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်း ငါတို့သည် မြင်ကြရလတ္တံ့'ဟုဆိုလေသည်